**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၁၈)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

[အင်္ဂါနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၀၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကျန်းမာရေး။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ဆေးစစ်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ မိသားစုကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြား ဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်အတွင်း လွိုင်ကော် - မယ်စဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ၁၂ ပေ အကျယ် ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပြီးသော လမ်းပိုင်းများတွင် လမ်းပခုံးများချဲ့ခြင်း၊ ညှိခြင်းနှင့် လမ်းဝဲ/ယာ ရေနုတ်မြောင်းများ တူးဖော်ခြင်းကို မည်သည့်အချိန်တွင် အပြီးသတ် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို ခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ကယားပြည်နယ်အတွင်း လွိုင်ကော် - မယ်စဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ၁၂ ပေအကျယ် ကတ္တရာ လမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပြီးသော လမ်းပိုင်းများတွင် လမ်းပခုံးများချဲ့ခြင်း၊ ညှိခြင်းနှင့် လမ်း ဝဲ/ယာ ရေနုတ်မြောင်းများ တူးဖော်ခြင်းကို မည်သည့်အချိန်တွင် အပြီးသတ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို ခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ် လွိုင်ကော်-မယ်စဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ဖရူဆို-နမ်ပဲ့လမ်းအပိုင်းကို (၁၂)ပေအကျယ် ကတ္တရာအဆင့် တိုးမြှင့် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒီလမ်းအပိုင်းရဲ့ အချို့နေရာတွေမှာ လမ်းပခုံးနဲ့ ရေနုတ်မြောင်း မရှိတဲ့ အတွက်ကြောင့်မို့လို့ မိုးတွင်းကာလမှာ လမ်းများ ပျက်စီးခြင်းနဲ့ ရွှံ့နွံများ လမ်းပေါ်ရောက်ရှိခြင်းကြောင့် ဆိုင်ကယ်၊ ကားများ သွားလာရာမှာ အရှောင်အတိမ်း အန္တရာယ်နဲ့ အခက်အခဲများ ရှိခဲ့ပါတယ်။ ဘော်လခဲ-ဖာဆောင်း လမ်းအပိုင်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အပြီးသတ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်မယ်လို့ သိရှိရပါတယ်။ ဒီလမ်းအပိုင်းကိုလည်း လမ်းပခုံးနဲ့ ရေနုတ်မြောင်းများ တစ်ဆက်တည်း ဆောင်ရွက် ပေးနိုင်ဖို့၊ ထည့်သွင်းစဉ်းစားနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဖာဆောင်း-မယ်စဲ့လမ်းအရှည် (၃၅)မိုင်ကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ (၁၂)ပေအကျယ် ကတ္တရာအဆင့်တိုးမြှင့်ပြီး အပြီးသတ်ဆောင်ရွက်ပေးခဲ့တာ ကြောင့် အရင်က (၃၅)မိုင်ခရီးကို ကားနဲ့ (၁)ရက်ခရီး သွားလာရပြီး၊ ယခုအခါမှာ (၂)နာရီ အကြာဆုံး အချိန်နဲ့ သွားလာနိုင်တာကြောင့် ပြည်သူများက ဝမ်းသာကြည်နူးကြပါတယ်။ ဒါကြောင့် ပြည်သူ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြည်သူ့ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကတ္တရာအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးစီးသွားပေမယ့် လမ်းပခုံးများ ညှိခြင်း၊ ချဲ့ခြင်းနဲ့ လမ်း ဝဲ/ယာ ရေနုတ်မြောင်းတွေ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ဖို့ လိုအပ်ချက်တွေ ကျန်ရှိနေပါသေးတယ်။ ဒီအချက်တွေ မဆောင်ရွက်နိုင်သေးဘူးဆိုရင်တော့ အကုန်အကျခံတည်ဆောက်ထားတဲ့ လမ်းမကြီးဟာ သဘာဝရာသီဥတုဒဏ်ကြောင့် နှစ်အနည်းငယ်အတွင်းမှာ ရေရှည်အကျိုးမပြုနိုင်ဘဲ ပျက်စီးသွားနိုင်ပါ တယ်။ ဒါကြောင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်ချင်းဆက် လွိုင်ကော်-မယ်စဲ့ ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ (၁၂)ပေအကျယ် ကတ္တရာအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးစီးသော လမ်းပိုင်းများတွင် လမ်းပခုံးများ ချဲ့ခြင်း၊ ညှိခြင်းနှင့် လမ်း ဝဲ/ယာရေနုတ်မြောင်းများ တူးဖော်ခြင်းကို မည်သည့်အချိန်တွင် အပြီးသတ်

ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုတာကြောင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏ မြို့ပြစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် မြို့ပြစီမံကိန်းတွင် ပါဝင်မည့်လုပ်ငန်းများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏မြို့ပြစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် မြို့ပြစီမံကိန်းတွင် ပါဝင်မည့် လုပ်ငန်းများကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခ အပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးမှာ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများ ဦးစားပေးသတ်မှတ်တဲ့အခါမှာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ကို ဦးစားပေးသတ်မှတ်နိုင်ခြင်း ရှိ၊ မရှိနဲ့ ပတ်သက်လို့ မေးခွန်း မေးမြန်းခဲ့ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကနေ ပြန်လည်ဖြေကြားတဲ့အခါမှာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရဲ့ မြို့ပြစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ ပွင့်လင်းရာသီအချိန်မှာ ဦးစားပေး ကွင်းဆင်းပြီးတော့ ဒေသအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမယ်လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။

သို့ပါ၍ ကျွန်တော့်အနေနဲ့ ပြည်မြို့ရဲ့ မြို့ပြစီမံကိန်းများ ရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးမှု အခြေအနေနဲ့ ဒီလုပ်ငန်းမှာပါဝင်တဲ့ လုပ်ငန်းများကို အများပြည်သူသိရှိဖို့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ်၊

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနှင်းဝေ မှ မေးမြန်းထားတဲ့ မေးခွန်း(၃)ခုနဲ့ ပတ်သက်ပြီးတော့ ပထမဦးစွာ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော့် မေးခွန်းများကို ပိုမိုရှင်းလင်းစေရန်အတွက် Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ကျွန်တော်တို့ လွိုင်ကော် ဖြစ်ပါတယ်။ လွိုင်ကော် ကနေ ဒီလမ်းကြောင်းအတိုင်း လာလို့ရှိရင် ဒီမှာ မယ်စဲ့ ဖြစ်ပါတယ်။ ဒီလမ်းကြောင်းပေါ်မှာ ရှိတဲ့ လမ်းတွေနဲ့ ပတ်သက်ပြီးတော့ ဒါ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတာ ဖြစ်ပါတယ်။ အဲဒီတော့ ပထမမေးခွန်းအနေနဲ့က ဒီ ဖရူဆိုကနေပြီးတော့ နန်းဖဲ ဖြစ်ပါတယ်။ ဒီအပိုင်းကို မေးမြန်းထားတာ ဖြစ်ပါတယ်။ ဒီအပိုင်းက မိုင်(၂၀) ရှိပါတယ်။ ဒီအပိုင်းကို ကျွန်တော်တို့အားလုံး ကတ္တရာခင်းပြီး ဖြစ်ပါတယ်။ ကတ္တရာခင်းပြီး ဖြစ်သော်လည်းပဲ လမ်းဘေး၊ လမ်းပခုံးများနဲ့ ရေမြောင်းများ ဆောင်ရွက်ပြီးတာကတော့ (၈)မိုင်ပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ ကျန်ရှိတဲ့ (၁၂)မိုင်ကို ကျွန်တော်တို့ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာပဲ အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပထမမေးခွန်းကို ရှင်းလင်းတင်ပြပါတယ်။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ဘော်လခဲ ကနေပြီးတော့ ဖာဆောင်း အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းက (၂၅)မိုင် ရှိတာဖြစ်ပါတယ်။ ဒီအပိုင်းမှာတော့ လမ်းပခုံးများကို (၁၅)မိုင်နဲ့ (၅)ဖာလုံ ဆောင်ရွက်ပြီးတော့ (၉)မိုင်၊ (၃)ဖာလုံ ကျန်ရှိတာဖြစ်ပါတယ်။ ထို့အတူပဲ လမ်းဘေးရေမြောင်းကိုတော့ (၄)မိုင်၊ (၃)ဖာလုံပဲ ဆောင်ရွက်ပြီးတော့၊ (၂၀)မိုင်၊ (၅)ဖာလုံ ကျန်ရစ်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကျန်ရှိတဲ့ လမ်းပခုံးနဲ့ ရေမြောင်းများကိုလည်း ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာပဲ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေတောင်းခံပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဒုတိယမေးခွန်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ဖာဆောင်း ကနေပြီးတော့ မယ်စဲ့ အထိ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ (၃၄)မိုင်နဲ့ (၄)ဖာလုံ ရှိပြီးတော့ ဒီအပိုင်းမှာလည်း ကတ္တရာ (၁၂)ပေ အကျယ် ကျွန်တော်တို့ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒီအပိုင်းမှာတော့ လမ်းပခုံးရော၊ ရေမြောင်းရော အားလုံးဟာ (၂၉)မိုင်နဲ့ (၅)ဖာလုံ ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ဆောင်ရွက်ရန်ကျန်တာ (၄)မိုင် (၇) ဖာလုံ ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာပဲ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ လွိုင်ကော်-မယ်စဲ့လမ်း၊ စုစုပေါင်း (၁၀၉)မိုင်နဲ့ (၄)ဖာလုံ ရှိပါတယ်။ ဒီ လမ်းအားလုံးကို ကျွန်တော်တို့အနေနဲ့ကတ္တရာလမ်း(၁၂)ပေ အကျယ်အဖြစ် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီမှာ ကျန်တဲ့အပိုင်းများကိုလည်းပဲ ကျွန်တော်တို့ လာမယ့် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ လမ်းပခုံးနဲ့ ရေမြောင်းများကို ဆက်လက် ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာ ခင်မောင်လေးမှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရဲ့ မြို့ပြစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနဲ့ မြို့ပြစီမံကိန်းမှာပါဝင်တဲ့ လုပ်ငန်းများကို သိရှိလိုကြောင်း မေးခွန်းကို ကျွန်တော် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၊ မြို့ပြစီမံကိန်းရေးဆွဲရန်အတွက် ကျွန်တော်တို့ ဒီမှာ ကတိပြုထားတဲ့ အတိုင်း ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှာ ကွင်းဆင်းလေ့လာမှုများကို ပြုလုပ်ခဲ့ရာမှာ ပြည်မြို့မှာရှိတဲ့ ဒေသ အာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများနဲ့ တွေ့ ဆုံခြင်း၊ မြို့ပြဆိုင်ရာ အညွှန်းကိန်းများနဲ့ အခြေခံအချက်အလက်များကို ကောက်ယူခြင်း၊ လိုအပ်တဲ့ မြေနေရာများတွင် မြေတိုင်းတာခြင်းနဲ့ မြို့ပြဖွံ့ဖြိုးရေး သဘောထားပုံစံရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်မြို့ရဲ့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာမှာ နောင်လာမယ့် အနှစ်(၂၀)မှာ ဖြစ်ပေါ်လာမယ့် အနာဂတ်မြို့ပြဖွံ့ဖြိုးရေး သဘောထားပုံစံ၊ Concept Plan ရေးဆွဲ ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အဓိကအားဖြင့် ကျွန်တော် တို့ အခြေခံအချက်(၃)ချက်ကို အဓိကထားပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါတွေကတော့ (၁) ပြည်မြို့ရဲ့ ရှေးဟောင်းဇုန်နဲ့ နောင်လာမယ့် အနှစ်(၂၀)မှာ တိုးပွားလာမယ့် လူဦးရေနဲ့ ရပ်ကွက်များ အတွင်းမှာရှိတဲ့ ကျူးကျော်များ ပြန်လည်နေရာချထားနိုင်ရန်အတွက် ပြည်မြို့ရဲ့ မြောက်ဘက်၊ ပြည်-အောင်လံ ကားလမ်းဘေးမှာရှိတဲ့ မြေဧက(၅၅၀)ခန့်ကို မြို့ကွက်သစ်ပုံစံရေးဆွဲ အဆိုပြုခြင်း ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ပြည်မြို့ရဲ့ ဧရာဝတီမြစ်ကမ်းတစ်လျှောက် သာယာလှပရေး အတွက် အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။ တတိယအချက်ကတော့ ပြည်မြို့မှာရှိတဲ့ ရွှေဟင်္သာ အိမ်ရာ စီမံကိန်း၊ မြေဧက(၃၀)အတွင်းမှာရှိတဲ့ အိမ်ရာများ ပြန်လည်အဆင့်မြှင့်တင်ရေးစီမံကိန်း အဆိုပြု ပုံစံရေးဆွဲခြင်းနဲ့ ပြည်မြို့၊ ရွှေဂူရပ်ကွက်မှာရှိတဲ့ တရုတ်စုပြည်သူ့အိမ်ရာစီမံကိန်း အဆင့်မြှင့်တင်ရန် အဆိုပြုအိမ်ရာ အကွက်ချပုံစံရေးဆွဲခြင်းတို့ကို အဓိကထားပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီအပြင် ကျွန်တော်တို့အနေနဲ့ ပြည်မြို့ရဲ့ မြို့ပြစီမံကိန်း ရေးဆွဲရာမှာ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကိုလည်း ထည့်သွင်းပြီးတော့ အဆိုပြုပေးထားတာ ဖြစ်ပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး နှစ်တိုစီမံကိန်းနဲ့ ပတ်သက်လို့တော့ ကမ်းနားလမ်းတစ်လျှောက်မှာ သာယာလှပဖွံ့ဖြိုးရေးနဲ့ ပန်းခြံများ အဆင့်မြှင့်ခြင်း၊ မြို့တွင်းသွားလာရေးလွယ်ကူကောင်းမွန်ရန် အဓိက လမ်းကွန်ရက်စနစ်နဲ့ တောင် မြောက် ဆက်စပ်လမ်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ လက်ရှိ လူနေရပ်ကွက်များရဲ့ လမ်း၊ ရေမြောင်း၊ လျှပ်စစ်မီးရရှိရေး၊ အမှိုက်စွန့်ပစ်စနစ် ပြည့်စုံကောင်းမွန်ရန် ဆောင်ရွက်ခြင်း၊ ပြည်မြို့အတွင်းမှာရှိတဲ့ လိုအပ်နေတဲ့ လူမှုစီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံများဖြစ်တဲ့ ဈေး၊ ဆေးပေးခန်း၊ ဓမ္မာရုံ များ တည်ဆောက်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ ဖြစ်ပါတယ်။

နှစ်ရှည်စီမံကိန်းများအနေနဲ့ကတော့ ခရိုင်အတွင်း မြို့နဲ့ကျေးရွာချင်းဆက် လမ်းများကို အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးများသို့ ဆက်စပ်လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းနဲ့ အဆင့်မြှင့်တင် ခြင်း၊ မြို့ပြ အသုံးချမှုပုံစံ၊ land use planning များကို စနစ်တကျအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး စီမံခန့်ခွဲဖို့အတွက် လူနေအိမ်များ၊ ဈေးများ၊ စိမ်းလန်းမြေများကို လိုအပ်ချက်နဲ့အညီ စီမံခန့်ခွဲခြင်း၊ မြို့ပြဖွံ့ဖြိုးရေးအတွက် ပုံစံများ အသေးစိတ်ရေးဆွဲခြင်း၊ ကုန်ကျစရိတ်များ တွက်ချက်ခြင်း၊ ဘတ်ဂျက် တွင် နှစ်အလိုက် လျာထားခြင်းများနဲ့ အိမ်ရာစီမံကိန်းများကို နှစ်အလိုက် အကောင်အထည်ဖော် ပေးခြင်း တို့ကို ဆောင်ရွက်ရန် ရေးဆွဲတင်ပြခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်မြို့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အစီရင်ခံစာကို အခြေပြုပြီးတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နေလူထု၊ ကျွမ်းကျင်ပညာရှင်များ၊ အထောက်အကူပြု ကော်မတီများနဲ့ ဒေသအာဏာပိုင်အဖွဲ့များ ပူးပေါင်းပြီးတော့ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြို့ပြစီမံကိန်းတွင် ပါဝင်တဲ့ လုပ်ငန်းများအား ရေးဆွဲတင်ပြထားပါကြောင်း လေးစားစွာ တင်ပြ အစီရင်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍတွင် လက်ရှိအနေအထားအရ အထက်တန်းပြ ရာထူးနေရာများကို မည်သို့လေ့ကျင့်မွေးထုတ်၍ အရည်အသွေးမြှင့်တင် ဖြည့်ဆည်းပေးမည်ဆိုသည့်ကိစ္စရပ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကဏ္ဍတွင် လက်ရှိအနေအထားအရ အထက်တန်းပြ ရာထူးနေရာများကို မည်သို့လေ့ကျင့် မွေးထုတ်၍ အရည်အသွေး မြှင့်တင်ဖြည့်ဆည်း ပေးမည်ဆိုသည့် ကိစ္စရပ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို ကျွန်တော် လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်ရီ ဖြစ်ပြီးတော့ ဥက္ကဋ္ဌကြီး အမိန့်ရှိတဲ့အတိုင်းပဲ အခြေခံပညာကဏ္ဍမှာ လက်ရှိအားဖြင့် လိုအပ်နေတဲ့ အထက်တန်းပြရာထူးနေရာများကို မည်ကဲ့သို့ လေ့ကျင့်မွေးထုတ်၊ မည်ကဲ့သို့ အရည်အသွေးဖြည့် မြှင့်တင်ဖြည့်ဆည်းမည်ကို သိလိုတဲ့မေးခွန်းနဲ့ ပတ်သက်တဲ့ မေးခွန်း မေးသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် နဝမအကြိမ်မှာ ရည်ရွယ်ပြီးတော့ ဖေဖော်ဝါရီလက တင်ခဲ့ပေမယ့် ထိုစဉ်က အင်မတန်အရေးကြီးတဲ့ ဘတ်ဂျက်နဲ့ အမျိုးသားစီမံကိန်းတွေ၊ အခွန် အကောက်ဆိုင်ရာ ဥပဒေတွေ ရှိနေတဲ့အတွက်ကြောင့် အခု မေးခွင့်ပြုတာကို အများကြီး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းထဲမှာ သုံးထားတဲ့ အသုံးအနှုန်းကတော့ မူရင်းအတိုင်းပဲဆိုရင် ကျွန်တော် လက်ရှိအခြေအနေတွင် ပြုန်းတီးမှုအများဆုံးဖြစ်သောဆိုပြီးတော့ ပြုန်းတီးမှုဆိုတဲ့ စကားက ကျွန်တော်တို့ ပညာရေးဌာနကသုံးတဲ့ စကားပါ။ တရားဝင်စကား ဖြစ်ပါတယ်။ အဲဒါကို

ကျွန်တော် ထည့်သုံးထားပါတယ်။ ပြုန်းတီးမှုဆိုတာကတော့ အကြောင်းအမျိုးမျိုးနဲ့ လျော့ပါးနည်းပါးသွားတဲ့သဘောကို ဆိုလိုခြင်း ဖြစ်ပါတယ်။ အလားတူပဲ ထိုစဉ်က အခြေအနေကို ရည်ရွယ်တဲ့အတွက်ကြောင့် ကျွန်တော်က လက်ရှိအခြေအနေအရလို့ ပြောခဲ့ခြင်း ဖြစ်ပါကြောင်း နံပါတ်(၁) ရှင်းပြလိုပါတယ်။

ကျွန်တော်မေးခွန်းမေးတဲ့ အချိန်ဟာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ရဲ့ နှစ်ကုန်ပိုင်း၊ နိဂုံးပိုင်းဖြစ်နေတဲ့အတွက်ကြောင့် ထိုစဉ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖြစ်ပေါ်နေတဲ့ မြေပြင်အခြေအနေအရ ဒီမေးခွန်းပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါကြောင်း ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဌာန၊ အခြေခံပညာကဏ္ဍမှာတော့ သင်ကြားရေး ဝန်ထမ်းတွေထဲမှာ အရင်တုန်းကတော့ ပညာရှင်အဆင့်(၃)လို့ ခေါ်ခဲ့တဲ့ အထက်တန်းပြရာထူး၊ အများသိနေတဲ့ အင်္ဂလိပ်စကား သုံးခွင့်ပြုပါခင်ဗျား။ SAT လို့ခေါ်တဲ့ Senior Assistance Teacher ဆိုတဲ့ ရာထူးဟာ အဆင့် ကူးပြောင်းမှုအတွက် အဓိကကျတဲ့ ရာထူး ဖြစ်ပါတယ်။ အထက်တန်းပြဖြစ်ဖို့ဆိုရင် သူကအခြေခံဘွဲ့ တစ်ခုဖြစ်တဲ့ Tertiary Level မှာ B.A၊ B.Sc စသည်ဖြင့် အလားတူဘွဲ့မျိုးတစ်ခု ရ ရပါမယ်။ ပြီးတော့မှ ပညာရေးဘွဲ့ဒီဂရီ သို့မဟုတ် ဒီပလိုမာတစ်ခု ရထားမှ အထက်တန်းပြ ဖြစ်နိုင်တာ ဖြစ်ပါတယ်။ အဲဒီသတ်မှတ်ချက်ဟာ ပညာရေးဌာနမှာရှိတဲ့ အထက်ပိုင်းရာထူးအားလုံးနဲ့ သက်ဆိုင်တဲ့အတွက်ကြောင့် အထက်တန်းပြဆရာကပဲ တစ်ဆင့် အခြားရာထူးများကို ကူးပြောင်းရတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြီးခဲ့တဲ့ပညာသင်နှစ်မှာ မြို့နယ်အဆင့်မှာ ယခင်တုန်းက ဖွဲ့စည်းပုံအတိုင်းဆိုရင် အထက်တန်းပြကနေ ကူးနိုင်တဲ့နေရာက မြို့နယ်ရုံးမှာဆိုရင် မြို့နယ်ကြီးရင် (၅)ယောက် မြို့နယ်ငယ်ရင် (၂) ယောက် စသည်ဖြင့် ATEO လို့ သိထားကြတဲ့ လက်ထောက်မြို့နယ်ပညာရေးမှူး ရာထူးတိုးလို့ ရပါတယ်။ ဒါတစ်ဆင့်ပါ။ နောက်တစ်ဆင့်ကတော့ အခြေခံပညာကျောင်းတွေမှာတော့ သူထက်တစ်ဆင့်မြင့်ရာထူးလို့ သတ်မှတ်ထားတဲ့ အလယ်တန်းကျောင်းအုပ်ကြီးရာထူးကို တိုးမြှင့်လျှောက်ထားခွင့် ရှိပါတယ်။

နောက်တစ်ခါ တိုင်းမှာဆိုလို့ရှိရင် လက်ထောက်ကြီးကြပ်ရေးမှူးလို့ခေါ်တဲ့ သင်ကြားမှုကို စစ်ဆေးရတဲ့ AS လို့ခေါ်တဲ့ ရာထူးတွေ ရှိပါတယ်။ အဲဒီ (၃) နေရာကိုသာ ဟိုတုန်းက ကူးပြောင်းဝင်ရောက်ခွင့် ရပါတယ်။ နောက်ပိုင်းကျတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးပြုပြင်ပြောင်းလဲမှုအရအများကြီး ပွင့်လင်းလာပါတယ်။ ပညာရေးဌာနမှာ ရာထူးတွေ အများကြီး ပေါ်ပေါက်လာပါတယ်။ ကျောင်းနဲ့ရုံးတွေရဲ့ ဖွဲ့စည်းပုံကိုလည်း တိုးချဲ့ပေးပါတယ်။ ဒါကြောင့်မို့လို့ သူ့ထက် ထူးခြားတာကတော့ အလယ်တန်းကျောင်းအုပ်ကြီးကို အထက်တန်းကျောင်းအုပ်ကြီးများ နည်းတူ ပြန်တမ်းဝင်အရာရှိပေါ့။ gazetted Officer လစာ Scale ဆိုပြီး သတ်မှတ်လိုက်ပါတယ်။ ယခင်တုန်းကတော့ အထက်တန်းပြက အလယ်တန်းကျောင်းအုပ်ကြီးကို တစ်ဆင့်မြင့်ရာထူးလို့ ပြောပေမယ့် လစာက တူနေပါတယ်။ လစာတူတော့ တာဝန်ကြီးတာပဲ အဖတ်တင်တယ်။ နောက် နယ်တွေ သွားရမယ်၊ တောလက်ကျေးရွာတွေ သွားရမှာဖြစ်တဲ့အတွက်ကြောင့် မြို့ပေါ်မှာရှိတဲ့ အထက်တန်းပြဆရာ၊ ဆရာမများက သိပ်လျှောက်ထားဖို့ စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ပြန်တမ်းဝင်အရာရှိအဆင့် တိုးလိုက်အခါကျတော့ ဒီအဆင့်သည် လျှောက်ထားသင့်တဲ့ ရာထူးဖြစ်တဲ့အတွက်ကြောင့် မြို့ပေါ်မှာ လုပ်သက်ရင့် အရည်အချင်းပြည့် အထက်တန်းပြ များစွာရှိတဲ့ ဆရာ၊ ဆရာမကြီးများဟာ တစ်ပြိုင်နက်တည်းလိုလို အဲဒီရာထူးတွေ

လျှောက်ထားပါတယ်။ လုပ်သက်နဲ့ အရည်အချင်း ပြည့်စုံတဲ့အတွက်ကြောင့်လည်း အကုန်လုံးလည်း ရပါတယ်။

ဒါကြောင့် မြို့မအထက်တန်းကျောင်းကြီးများ အပါအဝင် အထက်တန်းကျောင်း တော်တော်များများမှာ အထက်တန်းဆရာများဟာ ရုတ်တရက် လျော့ပါးသွားတယ်။ ဒါ နံပါတ် (၁) နည်းလမ်းပါ။ ဒုတိယနည်းလမ်းကတော့ ယခင်မြို့နယ်ဖွဲ့စည်းပုံပဲ ရှိခဲ့ပါတယ်။ မြို့နယ်ရုံး TEO ရုံးလို့ ခေါ်ပါတယ်။ နောက်တော့အခု ပြီးခဲ့တဲ့ ပညာသင်နှစ်တွေက စပြီးတော့ ခရိုင်ရုံးဖွဲ့စည်းခွင့် ပေးတဲ့အခါမှာ ခရိုင်ရုံးမှာလည်းပဲ သင်ကြားရေးကို စစ်ဆေးရတဲ့ လက်ထောက်ကြီးကြပ်ရေးမှူးရာထူးများ ထပ်ထွက် ပေါ်လာတဲ့အတွက်ကြောင့် အထက်တန်းပြများဟာ စိတ်ဝင်စားတဲ့လူက အဲဒီရာထူးကို ပြောင်းလျှောက်ပါတယ်။ အဲဒီမှာ ဒုတိယနည်းလမ်းအနေနဲ့ ထပ်ပြီး လျော့ပါးမှုရှိပါတယ်။

တတိယအချက်ကတော့ တိုင်းရုံး၊ တိုင်းပညာရေးမှူး လုပ်ခဲ့တုန်းကဆိုရင် ကျွန်တော်တို့တိုင်းက တိုင်းကြီးလို့ခေါ်ပါတယ်။ ဧရာဝတီတိုင်းတို့၊ ရန်ကုန်တိုင်းတို့ တိုင်းကြီးဆိုရင် စစ်ဆေးရေးအဖွဲ့က (၂) ဖွဲ့ပဲ ရှိပါတယ်။ တိုင်း သေးရင် (၁) ဖွဲ့ပဲ ရှိတယ်။ စစ်ဆေးရေးအဖွဲ့ (၁) ဖွဲ့မှာ လက်ထောက်ကြီးကြပ်ရေးမှူး (၁၂) ယောက်လောက် ရှိပါတယ်။ ဘာသာရပ် (၉) ခုနဲ့ ကွန်ပျူတာ ဖွံ့ဖြိုးရေး စသဖြင့် (၁၂) ယောက် လောက် ရှိတယ်။ နောက်တော့ ဖွဲ့စည်းပုံတွေ တိုးချဲ့တဲ့အခါကျတော့ တိုင်းရုံးတွေမှာလည်း လက်ထောက် ကြီးကြပ်ရေးမှူး ရာထူးတွေက အများအပြား ပေါ်လာတယ်။ ဦးစီးအရာရှိအဆင့်ကို ကူးနိုင်တဲ့ အခွင့်အလမ်းတွေ ပေါ်လာတဲ့အခါမှာ အထက်တန်းပြများဟာ ထပ်ပြီးလျှောက်ကြတဲ့အတွက်ကြောင့် အဲဒီမှာလည်း ထပ်ပြီးတော့ လျော့သွားပါတယ်။ နောက်ဆုံးတစ်နည်းကတော့ ပညာရေးကောလိပ်များပေါ့။ ပညာရေးကောလိပ်က ဟိုတုန်းကတော့ (၂၀) ပေါ့၊ ခုတော့ (၂၁) လို့ ထင်ပါတယ်။ မူလတန်းနဲ့ အလယ်တန်းမှာလည်း ဆရာလိုအပ်မှုက သိပ်များလာတဲ့အတွက်ကြောင့် လိုအပ်ချက်အရ သင်တန်းသားကို တိုးချဲ့ခေါ်တဲ့အခါမှာ နည်းပြရာထူးတွေ ပိုလိုလာပါတယ်။ အဲဒီနည်းပြရာထူးတွေကို ထပ်လျှောက်တဲ့အတွက်ကြောင့်လည်း အထက်တန်းပြများဟာ ထပ်ပြီး ရာထူးတွေက ဌာနကနေ လျော့ပါးသွားတာတွေ ရှိပါတယ်။ အဲဒီလို (၄) နည်းနဲ့ ပြန်စစ်လိုက်တဲ့အခါကျတော့ ပြီးခဲ့တဲ့ ပညာသင်နှစ် ကျွန်တော် မေးခွန်းမေးတဲ့အချိန်မှာ အထက်တန်းပြကျောင်းတွေမှာ ဆရာ မရှိပါဘူး။ (၉) ယောက်ရှိရမယ့် ကျောင်းမှာ (၂) ယောက်၊ (၃) ယောက် ကျောင်းနာမည်နဲ့ပြောရင် အိုင်သပြု တို့ဆိုရင် တစ်ယောက် ရှိတယ်။ ဒါတွေဟာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်။

အဲဒီလို ထပ်ပြီး လျော့သွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဘာထိအောင် စိတ်ပူရလဲဆိုတော့ (၁၀) တန်းစာမေးပွဲလို့ ခေါ်တဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံအောင် သင်နိုင်တဲ့အင်အား မရှိပါဘူး။ တိုင်းဒေသကြီး ဝန်ကြီးချုပ် ခရီးလှည့်လည်တဲ့အခါမှာဆိုရင် တိုင်းဒေသကြီးဝန်ကြီးချုပ်ကို မိဘတွေကလည်း စိတ်ပူပြီးတော့ မိဘဆရာအသင်းတွေ အကျိုးတော်ဆောင်အဖွဲ့တွေက တင်ပြတယ်။ ကျောင်းအုပ်ကြီးတွေကလည်း အခက်အခဲတွေကို တင်ပြတယ်။ ဝန်ကြီးချုပ်လည်း ပြည်ထောင်စုဝန်ကြီးဌာနနဲ့ ညှိနှိုင်းပေးတယ်။ အခြေခံပညာဦးစီးဌာနကို တိုက်တွန်းတယ်။ သို့သော်ငြားလည်း စနစ်ကြောင့် ရုတ်တရက် လျော့သွားတာဖြစ်တဲ့အတွက်ကြောင့် ချက်ချင်း မြန်မြန်ဆန်ဆန် ပြန်ပြီး ဖြည့်ဖို့ အခက်အခဲအများကြီး ရှိပါတယ်။

ဒါကြောင့် အဲဒီအချိန်မှာ ဖြစ်လာတဲ့အခက်အခဲဟာ ထိုစဥ်က အခြေအနေကို ရည်ညွှန်းပြီး မေးခြင်း ဖြစ်ပါတယ်ခင်ဗျ။ အဲဒီတော့ နောက်ဆုံးကျတော့ ဝန်ကြီးချုပ်က ကဲ ဒါဖြင့်ရင် ဒီဒေသမှာရှိတဲ့ ဘွဲ့ရ အရည်အချင်းပြည့်တဲ့ ဆရာ ပြင်ပမှာ ရှိရင် ငှားတော့၊ ဒီအတွက် မိဘတွေ ဝန်ထုပ်ဝန်ပိုး မဖြစ်စေနဲ့ တတ်နိုင်သလောက် သူတို့ အစိုးရအဖွဲ့အနေနဲ့ ပံ့ပိုးမယ်ဆိုပြီးတော့ သူတို့ဝန်ကြီးချုပ်ရဲ့ အစီအစဥ်နဲ့ အဲဒီလို ဆရာ ငှားဖို့တောင် ပံ့ပိုးပေးရတာတွေ ရှိလာခဲ့ပါတယ်။ ဒါဟာ လက်တွေ့အခြေအနေ ဖြစ်ပါတယ်။

နောက် မူလတန်းပိုင်းကျတော့ ကျွန်တော်တို့ ဘာရသွားလဲဆိုတော့ မူလတန်းမှာ ဆရာလိုရင် ပြီးခဲ့တဲ့နှစ်က နေ့စားပေ့ါ။ daily wages pay system နေ့စားလရှင်းစနစ်နဲ့ ဆရာငှားခွင့် ရပါတယ်။ ပြင်ပက ဘွဲ့ရ ရပါတယ်။ အဲဒါမှာ တချို့လည်း မဟာဘွဲ့တွေ ပါလာပါတယ်။ နောက် ဂုဏ်ထူးတန်း Honours တွေ ပါလာတဲ့အတွက်ကြောင့် အဲဒီကလေးတွေကို မူလတန်းမှာ မသင်ခိုင်းဘဲနဲ့ မြို့နယ် လိုအပ်ချက်အရ အထက်တန်းကို တက်သင်ခိုင်းရတဲ့ အခြေအနေတွေလည်း မနှစ်က ရှိခဲ့ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

ဒါကြောင့်မိုလို့ အဲဒီလို ပြုန်းတီးမှုလမ်းကြောင်းမျိုးစုံနဲ့ ဆရာ လျော့ပါးသွားတဲ့ အထက်တန်းပြ ရာထူးအခြေအနေကို လက်ရှိ ကျွန်တော်တို့မှာ ပညာရေးတက္ကသိုလ် (၂)ခု ရှိပါတယ်။ ရန်ကုန်၊ မန္တလေး၊ နောက်ပြီးတော့ ရွှေသစ်ကြီးလို့ ခေါ်တဲ့ ပြည်ထောင်စု တိုင်းရင်းသားများ ဖွံ့ဖြိုးရေးတက္ကသိုလ်လည်း ရှိပါတယ်။ အဲဒီက လေ့ကျင့်ပေးနိုင်တဲ့ Capacity ပေ့ါ။ မွေးထုတ်နိုင်မယ့်အင်အား၊ လက်ရှိ လိုနေတဲ့ဆရာ အင်အား၊ ထပ်တိုးလာတဲ့ ကျောင်းခွဲတွေအတွက် ပေးရမယ့် ဆရာ (၇) ယောက် ၊ (၈) ယောက်၊ (၉) ယောက် စသည်ဖြင့် လိုလာမယ့် အင်အား၊ နောက် အခု (CESR) Comprehensive Education Sector Review အရ အဲဒီက ထောက်ခံချက်အရ နောက်ထပ် အထက်တန်းမှာ တစ်တန်း တိုးဖို့ အစီအစဥ် ရှိပါတယ်။

ဒါတွေအတွက်ဆိုရင် ထပ်မံလိုလာမယ့် အထက်တန်းပြရာထူးနေရာတွေကို နှစ်မည်မျှအတွင်း ဖြည့်ဆည်းနိုင်မည်၊ နံပါတ် (၁) အချက်က၊ (၂) အချက်ကတော့ သူတို့ကိုလည်း မည်သို့လေ့ကျင့် ပြီးတော့ အရည်အချင်းပြည့်အောင် မွေးထုတ်မယ် ဆိုတဲ့မေးခွန်းကို ပညာရေးဌာနဝန်ထမ်းများသာမက မိဘများကပါ စိတ်ဝင်တစား သိရှိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်မစွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်မစွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်မစွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်မစွတ်ကျေးရွာအုပ်စု၊ ဝက်မစွတ်ကျေးရွာရှိ တွဲဖက်အလယ်တန်းကျောင်းကို ၂၃-၉-၁၉၈၀ ရက်နေ့မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ သက်တမ်းအားဖြင့် (၂၇) နှစ်ကာလတိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ၁၅-၃-၂၀၀၈ ရက်နေ့တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ ပါတယ်။

အဆိုပါ ဝက်မစွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ ရေနံချောင်းမြို့ရဲ့ တောင်ဘက် (၁၀) မိုင်ခန့်အကွာတွင် တည်ရှိပြီး ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ (၅) နှစ်ကျော် စဉ်ဆက်မပြတ် ကြိုးပမ်းဖွင့်လှစ် ခဲ့ပါတယ်။ ဝက်မစွတ်ကျေးရွာအုပ်စုမှာ အိမ်ခြေ (၅၄၂) အိမ်၊ လူဦးရေ (၂၉၂၈) ဦးနဲ့ ပတ်ဝန်းကျင် မှီခိုကျေးရွာများ ဖြစ်တဲ့ ကျည်ကြီးရွာ၊ သဖန်းချောင်းရွာ၊ ငါးလန္တာ၊ ရှားတောရွာ၊ ငွေသောင်ကျေးရွာ များမှ လူဦးရေ (၂၆၃၇)ဦး၊ အိမ်ခြေ (၇၆၇) အိမ်တို့မှ ပညာရေးမှီခိုအားထားရာ ကျောင်းတစ်ကျောင်း ဖြစ်တဲ့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ မူလတန်းကျောင်းသား၊ ကျောင်းသူ (၁၃၆) ဦး၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ (၁၁၆) ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၂၅၂) ဦးရှိပြီး အဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူ (၂၁)ဦး ရှိပါတယ်။ အလယ်တန်းကျောင်းအဖြစ် ဖွင့်လှစ်နိုင်ရန် ကျောင်းဆောက်လုပ်ထားပြီး ဖြစ်ခြင်း၊ ကျောင်းသုံးပရိဘောဂ ပြည့်စုံခြင်း၊ လုံလောက်သောကျောင်း အကျယ်အဝန်းနှင့် ကျောင်းအားကစားကွင်း ရှိခြင်း၊ ဒေသခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး လူမှုရေးအဖွဲ့အစည်းများ ရပ်မိရပ်ဖများနှင့် ပြည်သူများမှ ပညာရေးကို လိုလားမှုရှိခြင်း၊ ဝက်မစွတ် ကျေးရွာအလယ်တန်းကျောင်း(ခွဲ)နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ (၅)ရွာမှ ကျောင်းသား၊ ကျောင်းသူ များ လာရောက်ပညာသင်ကြားခွင့် ရရှိနိုင်ခြင်း၊ ရေနံချောင်းမြို့နယ်အရှေ့ဘက်(၁၀) မိုင်ခန့် အကွာ အချက်အချာကျသောနေရာတွင် တည်ရှိသဖြင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူ များပါ လာရောက်ပညာ သင်ကြားယူနိုင်ခြင်းတို့ကြောင့် အမှန်တကယ် အဆင့်တိုးမြှင့်ပေးသင့်သော ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။

ဝက်မစွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်း ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ရေနံချောင်းမြို့နယ် ပညာရေးမှူး၏ ကွင်းဆင်းစစ်ဆေး ထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်တို့နဲ့

အတူ ရေနံချောင်းမြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံး၏ ၂၈-၁၀-၂၀၁၃ ရက်စွဲပါ စာအမှတ် - ၁/ဦး-၁/ ၈၂၂/ (၂၀၁၃) ဖြင့် ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊ မကွေးတိုင်းဒေသကြီး သို့ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်လှစ်ခွင့် အဆိုပြုလွှာ ပေးပို့တင်ပြပြီးလည်း ဖြစ်ပါတယ်။

သို့ပါ၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်မှစ၍ တိုးမြှင့်ဖွင့်လှစ် ပေးမည် တို့ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြ ပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရီ ရဲ့ ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ မှာ လက်ရှိအနေအထားအရ အထက်တန်းပြ ရာထူးနေရာများကို မည်သို့လေ့ကျင့် မွေးထုတ်၍ အရည်အသွေး မြှင့်တင်ဖြည့်ဆည်းပေးမည်ဆိုသည့်ကိစ္စရပ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်ရီ ရဲ့ မေးခွန်းကို ကဏ္ဍခွဲကြည့်မယ်ဆိုရင်အပိုင်း (၃)ပိုင်း ရှိတာကိုတွေ့ရပါတယ်။ အပိုင်း(၁) ကို ရှင်းလင်းတင်ပြရမယ်ဆိုရင် ပညာရေးဘွဲ့ ချီးမြှင့်တဲ့ တက္ကသိုလ်တွေ ဘယ်လောက် ရှိပါသလဲလို့ မေးမြန်းထားတဲ့အပိုင်း ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး ရှင်းလင်း ဖြေကြားရမယ်ဆိုရင် ပညာရေးဝန်ကြီးဌာနအောက်မှာတော့ တက္ကသိုလ် (၂)ကျောင်းပါ။ ပညာရေးတက္ကသိုလ် (၂) ကျောင်းနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်မှာ တက္ကသိုလ် (၁) ကျောင်း စုစုပေါင်း (၃) ကျောင်း ရှိပါတယ်။ အဲဒီကျောင်းတွေဟာ Bachelor of Education လို့ခေါ်တဲ့ ပညာရေးဘွဲ့တွေကို ချီးမြှင့်တဲ့ အထက်တန်းလိုအပ်ချက်တွေကို ဖြည့်ဆည်း ပေးမယ့် တက္ကသိုလ်များဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာန အနေနဲ့ကတော့ ကျွန်တော်တို့ ရန်ကုန်ပညာရေးတက္ကသိုလ်နဲ့ စစ်ကိုင်းပညာရေးတက္ကသိုလ်ကနေ

ပြီးတော့ B.Ed ဘွဲ့ရဆရာ၊ ဆရာမများကို အစီအစဉ် (၃) ရပ်နဲ့ မွေးထုတ်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒါတွေကတော့ လုပ်ငန်းခွင်အကြိုသင်တန်း၊ ဒါကတော့ တက္ကသိုလ်ဝင်တန်းအောင်တွေကို ခေါ်တာက နှစ်စဉ် New end Date က (၆၀၀) ဦး ပါခင်ဗျ။ လုပ်ငန်းခွင်အကြိုသင်တန်းကိုယ်စားလှယ်ကြီးလည်း တင်ပြသွားပါတယ်။ အခုတော့ ပညာရေးကောလိပ်က (၂၂) ကျောင်းပါ။ အဲဒီကနေပြီးတော့ ထူးချွန်တဲ့ ပေါင်းကူးလာမယ့် ကလေးတွေက (၆၀၀) ဦးပါ။ ဆရာ၊ ဆရာမများပါ၊ နောက်တစ်ခါ ကျွန်တော်တို့ စာပေးစာယူ ပညာရေးဘွဲ့ပေးတဲ့ လုပ်ငန်းခွင်ကနေ တက်ရောက်တဲ့ သင်တန်းက (၃၀၀၀) ဦးပါ။

ဒါကြောင့်မို့လို့ နှစ်စဉ် ကျွန်တော်တို့ စုစုပေါင်း (၄၂၀၀) ဦးခန့်ကို လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိတယ်လို့ ကျွန်တော်တို့ တင်ပြလိုပါတယ်။ ဒါကြောင့် Facility အရ၊ လိုအပ်ချက်တွေအရ နှစ်စဉ်မှာ အထက်တန်းပြ ခန့်မှန်းခြေအားဖြင့်ဆိုရင် (၄၅၀၀) ဦး မွေးထုတ်ပေးလျက်ရှိတယ်လို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ အခြေခံပညာကျောင်းတွေကို ပညာရေးဝန်ကြီးဌာနအောက်မှာ ဘယ်နှစ်ကျောင်း ရှိသလဲလို့ မေးရင် စုစုပေါင်း (၁၅၅၀) ခန့်ပေါ့ အတိအကျ ပြောရရင် (၁၅၄၈) ကျောင်းရှိပါတယ်။ အဲဒီကျောင်းတွေမှာ ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်အခြေအနေနဲ့ အထက်တန်းပြ ဆရာတွေဘယ်လောက် လစ်လပ်နေသလဲ၊ ဘယ်လိုရှိသလဲလို့ ကျွန်တော်တို့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ခွင့်ပြု၊ ခန့်ထား၊ လစ်လပ် အခြေအနေအရဆိုရင်တော့ ခန့်ခွင့်ပြုတာက အထက်တန်းအဆင့်မှာပါခင်ဗျာ။ (၃၇၀၄၀) ဦး။ နောက်တစ်ခါ ခန့်ထားပြီးတာက (၃၃၂၈၉) ဦးဆိုတော့ ကျွန်တော်တို့ လစ်လပ်နေတာက (၃၇၅၁) ဦး ကျန်ပါတယ်။

အဲဒီတော့ ဒါကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နှစ်စဉ် ထုတ်ပေးနိုင်တဲ့ အင်အားက (၄၅၀၀) လောက် ရှိတယ်ဆိုတော့ လုံလောက်မှု ရှိ၊ မရှိကို ကိုယ်စားလှယ်တော်ကြီးများ အားလုံးခန့်မှန်းမိတဲ့ အနေအထားမျိုး ရောက်မယ်လို့ ရှင်းလင်းတင်ပြလိုပါတယ်။ ကျောင်းသားနဲ့ ဆရာ Ratio ကြည့်မယ်ဆိုရင်လည်း ၁ အချိုး ၂၃ လောက် ရှိကြောင်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ၁ အချိုး ၂၃ ရှိတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က Quality Education ကို သွားချင်တာ ဖြစ်ပါတယ်။ အခုမေးခွန်း မေးမြန်းတဲ့ ကိုယ်စားလှယ်တော်ကြီး ကိုယ်တိုင်ကလည်း တိုင်းပညာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ယခင်က တင်ပြတဲ့ အချိုးတွေဟာ ကျောင်းပျံ့နှံ့မှုတို့၊ တန်းခွဲအရေအတွက်တို့ဘာသာရပ် ကွဲပြားမှုတွေကို ထည့်သွင်းစဉ်းစားခဲ့တာမျိုး မတွေ့ရကြောင်းကိုလည်း သိရှိပြီး ဖြစ်မှာပါ။ ခုနောက်ပိုင်းမှာတော့ ကျွန်တော်တို့က သက်ဆိုင်ရာဘာသာတွဲတွေအလိုက် သူ့ရဲ့ Loading အလိုက် ဘယ်လိုဖြည့်ရမလဲဆိုတာကိုပါ ဖြည့်စွက်ထည့်သွင်း စဉ်းစားနေပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အဲဒီအပြင် ခဏခဏလည်း ကျွန်တော် ဒီမှာ လာဖြေရင် တင်ပြပါတယ်။ အမျိုးသားပညာရေးမူဝါဒ ဥပဒေမူကြမ်းမှာ ကျွန်တော်တို့က ဦးတည်ဆောင်ရွက်သွားမည် ဆိုတဲ့ စကားလုံးကိုပဲသုံးစွဲထားတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကလည်း အခုက ဆွေးနွေးဆဲအဆင့်ပဲ ရှိပါသေးတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အတန်း (၁) တန်း တိုးလာရင် ဘယ်လိုတွေ ဆောင်ရွက်မလဲ ဆိုတဲ့ Plan ရှိပြီးသားပါ။ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို CESR နဲ့ ကျွန်တော်တို့က

ထောက်ခံချက်နဲ့ ဆောင်ရွက်ထားတဲ့ အနေအထားလည်း ရှိပါတယ်။ ကျွန်တော်တို့ ဘာတွေနဲ့ ဆောင်ရွက်မလဲဆိုရင် နည်းလမ်း (၄)သွယ်နဲ့ ဆောင်ရွက်ပါမယ်။ အဲဒီနည်းလမ်းတွေကတော့ ပညာရေးတက္ကသိုလ်များရဲ့ ဖွဲ့စည်းပုံတွေကို တိုးချဲ့သွားဖို့ ဖြစ်ပါတယ်။ အဲဒီအပြင် ပညာရေးကောလိပ်တွေကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်း ဆိုတာ ဒီပညာရေးကောလိပ်တွေကို သူ့ နဂိုရှိတဲ့ ကောလိပ်အဆင့်ထက် ပိုမြင့်တဲ့အဆင့်တွေ မြှင့်တင်ပြီးတော့ မွေးထုတ်နိုင်မှု၊ နောက်တစ်ခါ အခြေခံပညာကျောင်းများရဲ့ ဖွဲ့စည်းပုံ ခန့်ခွင့်ပြုအရေအတွက် တိုးမြှင့်ခြင်းနဲ့ အလျင်အမြန် လိုအပ်ပါက ဘာသာရပ် ကျွမ်းကျင်တဲ့ဘွဲ့ရတွေကို ဆရာအတတ်ပညာ သီးသန့်သင်တန်းပေးခြင်းများနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ လိုအပ်တဲ့ အရေအတွက်တွေကို ကျောင်းပျံ့နှံ့မှု၊ တန်းခွဲအရေအတွက် ဘာသာရပ်ကွဲပြားမှုတွေနဲ့ ဘာသာတွဲ ကွဲပြားမှုတွေနဲ့ ဖြည့်ဆည်းဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ကျွန်တော်တို့က ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီနေရာမှာ အရည်အချင်းအပြင် Quality Education ကို ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ အထူးသဖြင့် ပညာရေးကောလိပ်တွေမှာ British Council ရဲ့ MoU ထိုးပြီးတဲ့အခါကျတော့ ကျွန်တော်တို့ လာမယ့် စက်တင်ဘာလက စပြီးတော့ (၂) နှစ်ကြာ အင်္ဂလိပ်စာနဲ့ သင်ရိုးညွှန်းတမ်းတွေကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားသားပညာရှင်တွေကိုယ်တိုင် (၂) ဦးစီ စုစုပေါင်းတော့ (၅၀)ဦးပါခင်ဗျ။ အဲဒီတော့ (၂၂) ကျောင်းဆိုတော့ (၄၄) ဦး ရှိပါမယ်။ အဲဒီမှာမှ အုပ်ချုပ်သူ အပါအဝင် သူတို့ နိုင်ငံခြားသားအုပ်ချုပ်သူ အပါအဝင် (၅၀) ဦးခန့်က ဒီ ပညာရေးကောလိပ်တွေမှာ (၂) နှစ် တာမျှ နေပြီးတော့ သင်ကြားသင်ယူမှုတွေ နောက်တစ်ခါ Proficiency၊ English Language Proficiency အင်္ဂလိပ်စာ အရည်အသွေး တိုးတက်ရေးအတွက်လည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကို ဖြည့်စွက်တင်ပြလိုပါတယ်။

အဲဒီအပြင် အခုန TEO တွေဟာ ဘာကြောင့်အရေးပါတဲ့ ကဏ္ဍမှာပါလာသလဲဆိုရင် ကျွန်တော်တို့က ယခင့် ယခင်တုန်းကလည်း Township Plan ဆိုတာ မရှိခဲ့ပါဘူး။ အခုနောက်ပိုင်းမှာ ကျွန်တော်တို့ Township Plan ဆိုတာ ကျောင်းမှာ အပ်တဲ့နှုန်းက ဘယ်လောက်၊ Drop Out က ဘယ်လောက် အဲဒီမှာဒါဆိုရင် နောက် တက်လာမယ့် အထက်တန်းကျောင်းသားက ဘယ်လောက်၊ အလယ်တန်း ကျောင်းသားက ဘယ်လောက်၊ ဒါဆိုရင် Projection ချပြီးတော့ လိုအပ်တဲ့ ကျောင်းအရေအတွက် လိုအပ်တဲ့ ဆရာ၊ ဆရာမ အရေအတွက်ကို ကြိုတင်ခန့်မှန်းရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကြိုတင် ခန့်မှန်းဖို့အတွက် ဆရာ၊ ဆရာမကြီးတွေ TEO တွေကိုရော ဒါတွေကို ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ကို Blender နေရာက ကစားမယ့် ခရိုင်ပညာရေးမှူးတွေက လိုက်လံစစ်ဆေးပြီးတော့ ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရည်ရွယ်ပြီးတော့ ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ အဓိကအားဖြင့်တော့ Township Plan ကို သိဖို့ သူတို့လက်ထဲမှာရှိဖို့ လိုပါတယ်။ ဒါ အဆင့်ဆင့်နဲ့ ဒါမှ ကျောင်းဘယ်လောက် လိုမယ်၊ လာမယ့်နှစ်မှာ ဘယ်လောက်လိုမယ် ဆရာဘယ်လောက် လိုတယ်ဆိုတာကို သေချာသိမှ၊ Database သိမှ ကျွန်တော်တို့က ဆောင်ရွက်နိုင်မယ့် အနေအထား ဖြစ်ပါတယ်။ ဒါ့အပြင် ဒါနဲ့ဆက်စပ်ပြီးတော့ Planning and Budgetting ဆိုတာပါ

ပါတယ်။ Township Plan ဆွဲပြီးတဲ့ အခါကျတော့မှ Plan မှာ ပါမှ ဒါကတော့ ဒီမှာ အားလုံး သိပြီးသား လွှတ်တော်မှာလည်း ဥပဒေ သုံးရပ်ကို နှစ်တိုင်း အတည်ပြုပေးတာ အားလုံး သိပြီး ဖြစ်မှာပါ။ ဒီနေရာမှာ ကျွန်တော် တင်ပြရမယ်ဆိုရင် စီမံကိန်းထဲမှာပါမှ ဘတ်ဂျက် လျာထားတဲ့အထဲကို ပါမှာပါ။

ဒါကြောင့်မို့လို့ Planning and Budgetting ဆိုတဲ့ အရေးပါတဲ့အခန်းကဏ္ဍကိုလည်း TEO လို့ခေါ်တဲ့ မြို့နယ် ပညာရေးမှူးတွေရော၊ ခရိုင် ပညာရေးမှူးတွေရော၊ တိုင်းပညာရေးမှူးတွေပါ မကျန် အားလုံးကို ကျွန်တော်တို့ Adminstration လို့ ခေါ်တဲ့ စီမံခန့်ခွဲမှု သင်တန်းတွေ ကိုလည်း Developer များရဲ့ အထောက်အပံ့ အကူအညီတွေနဲ့ နောက်တစ်ခါ ကျွမ်းကျင်ပညာရှင်တွေရဲ့ အကြံဉာဏ်တွေနဲ့ ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြ အပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့က လိုအပ်တဲ့ အရည်အသွေးတွေကို Quality of Education လို့ ခေါ်တဲ့ အရေအတွက်သာမက အရည်အသွေးပါ မြင့်မားတဲ့ ဆရာ၊ ဆရာမ တွေ ထွက်ပေါ်လာနိုင်ဖို့အတွက် အခြေခံပညာကဏ္ဍ (ထက်၊လယ်၊ မူ) အဆင့် အားလုံးအတွက် ဆရာအတတ်သင်ပညာကဏ္ဍတစ်ရပ်အဖြစ် စနစ်တကျ လေ့လာပြီးတော့ အစီအစဥ်များ ချမှတ် စိစစ် ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း ရဲ့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်မစွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာတော့ အပိုင်း နှစ်ပိုင်း တွေ့ရပါတယ်။ ဘယ်အချိန်မှာ တိုးမြှင့် ပေးသွားမှာလဲ၊ အကယ်၍ တိုးမြှင့်ပေးမယ်ဆိုရင်ရော ဘယ်နှစ်မှာလဲဆိုတဲ့ မေးခွန်းကို နှစ်ပိုင်း ခွဲလို့ ရပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်မစွတ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်ကို တိုးမြှင့်ပေးဖို့အတွက် စိစစ်ကြည့်တဲ့အခါမှာ အလယ်တန်း ကျောင်းသားအဆင့်က (၁၁၉) ဦးသာ ရှိပါတယ်။ သို့သော်လည်းပဲ လက်ရှိ သတ်မှတ်ချက်အရ ကိုက်ညီမှု မရှိသေးဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေကြီးအစိုးရအဖွဲ့ရဲ့ ဦးစားပေး အစီအစဥ်ကို ပြန်ကြည့်လိုက်သော်လည်း ဒီနှစ်မှာ (၁၃၅) ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ အဆင့်တိုးမြှင့် ပေးနိုင်ခြင်း မရှိသေးပါကြောင်း စိစစ်တင်ပြပါတယ်။

သို့ရာတွင် သတ်မှတ်ချက်များ ကိုက်ညီမှုရှိလာပါက အဆင့်တိုးမြှင့် စိစစ်ဆောင်ရွက် ပေးနိုင်ပါတယ်။ ဒါ့အပြင် ဆရာ၊ ဆရာမ လိုအပ်ချက်ရှိပါကလည်း ညှိနှိုင်းဆောင်ရွက် ပေးသွားနိုင် ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သာစည်မြို့နယ်၊ ရေပူ - ရထားပြည်ညောင်လမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် ဆက်လက် ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁ဝး၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် က သာစည်မြို့နယ်၊ ရေပူ-ရထားပြည်ညောင်လမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် ဆက်လက် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၄ဝ။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ လာရောက်လေ့လာကြကုန်သော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ်၊ မီးရထားလမ်း တောင်ပေါ်ဒေသရဲ့ လိုအပ်ချက်ရှိသော ရေပူ-ရထား ပြည်ညောင် လမ်းပိုင်းဆက်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်းကို ဒေသခံပြည်သူများ၊ ရပ်ဝေး ရပ်နီးမှ ရထားစီးပြည်သူများ၏ ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်ရဲ့ မီးရထားလမ်း တောင်ပေါ်ဒေသများဖြစ်ကြတဲ့ လယ်ပြင်အုပ်စု၊ ဆင်တောင်အုပ်စု၊ မြင်းဒိုက်အုပ်စု၊ ပျဉ်ထောင် ကျေးရွာအုပ်စုများရဲ့ ကျေးရွာပေါင်း(၁၃)ရွာဟာ လူဦးရေစုစုပေါင်း(၆ဝဝဝ)နီးပါးဟာ မြန်မာ့မီးရထား ကိုသာ အားကိုးအားထားပြုပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုကိစ္စ အရပ်ရပ်တို့ကို မှီခို အားထားနေရပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ အဲဒီဒေသရဲ့ လိုအပ်ချက်ဖြစ်တဲ့ စိမ့်စမ်းရေ သွယ်ယူခြင်း လုပ်ငန်း၊ ကလောမြို့နယ်အဆုံး ကျောက်ချောလမ်းမှ သာစည်မြို့နယ် မြင်းဒိုက်၊ ဆင်တောင်-ကွေ့ရပ်-ပင်မုန်း-ပထမလွန်းထိုး- လယ်ပြင်-ရေပူ ကျေးရွာများအထိ မြေသားလမ်း ပြုပြင်ခြင်းနှင့် ကျောက်ချော လမ်းများခင်းပေးရန် တင်ပြတောင်းဆိုခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနမှလည်း ၂ဝ၁၂-၂ဝ၁၃ ဘဏ္ဍာရေးနှစ်မှာ စိမ့်စမ်းသွယ်ယူခြင်းလုပ်ငန်းများ၊ ၂ဝ၁၃-၂ဝ၁၄ ခုနှစ်မှာ မြင်းဒိုက်-ကမ္ဘာနီ-စေတီတောင်- ဆင်တောင်- ကွေ့ရပ်လမ်း (၈)မိုင်(၁)ဖာလုံအား မြေသားလမ်းအဆင့်မှ ကျောက်ချော လမ်းအဆင့်အထိ တိုးမြှင့်ခြင်းလုပ်ငန်းများ၊၂ဝ၁၄-၂ဝ၁၅ ဘဏ္ဍာ နှစ်တွင် ကွေ့ရပ်ကျေးရွာမှ ပင်မုန်း၊ ပထမလွန်းထိုး၊ လယ်ပြင်ကျေးရွာ၊ ရေပူကျေးရွာအထိ ကျေးရွာ ချင်းဆက်လမ်းအား မြေသားအဆင့် မြှင့်တင်ခြင်းနှင့် ကျောက်ချောလမ်း အရှည်(၆)မိုင်ကို ဆက်လက် ဖောက်လုပ်ပေးသွားမည်ဟု သိရ ပါ တယ်။ ဒါကြောင့် ဒေသခံပြည်သူများဟာ၊ ကျေးရွာများမှာရှိတဲ့ ဒေသခံပြည်သူများဟာ ဝမ်းသာမဆုံးနဲ့ ပြည်ထောင်စုအစိုးရနဲ့ ဝန်ကြီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကျေးဇူးတင်မဆုံး ရှိကြ ပါတယ်။

ဆက်လက်ပြီး ဒေသခံပြည်သူများက ရေပူကျေးရွာမှ ရထားပြည်ညောင်ကျေးရွာအထိ ကျန်ရှိနေသော မြေသားလမ်း(၈)မိုင်ခန့်အား မြေသားအဆင့်မြှင့်တင်ခြင်းနှင့် ကျောက်ချောလမ်း ခင်းပေးမည်ဆိုပါက ဒေသထွက်သီးနှံများအား ရောင်းဝယ်ဖောက်ကားရာတွင် မီးရထားကိုသာ အားကိုးအားထား အမှီပြုရာမှ မော်တော်ယာဉ်များ၊ ထော်လာဂျီယာဉ်များနှင့် အချိန်အခါမရွေး ကလောမြို့နယ်သို့လည်းကောင်း၊ ရထားပြည်ညောင်မှ ကားပြည်ညောင်ရွာမှတစ်ဆင့် ပျော်ဘွယ်၊ သာစည် မြို့နယ်များသို့ ရောင်းဝယ်ဖောက်ကားနိုင်မည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒေသရှိ ရှမ်းရထားများ ဟာ မိုးတွင်းကာလရောက်ပြီဆိုလျှင် တောင်ပြိုလာခြင်းကြောင့်လည်းကောင်း၊ ရထားဘီးချော်ခြင်း ကြောင့်လည်းကောင်း များစွာအချိန် ကြန့်ကြာခဲ့ပါတယ်။ အဲဒီအချိန်မှာ အနယ်နယ်အရပ်ရပ်မှ လာတဲ့ ပြည်သူများဟာ သွားလာရေးမှာ ခက်ခဲနောက်ကျပြီး ကြန့်ကြာပါတယ်။ အထူးသဖြင့် ကုန်စိမ်း အရောင်းအဝယ်ပြုတဲ့ ကုန်သည်များဟာ လိုရာခရီးကိုမရောက်ဘဲ အချိန်ကြန့်ကြာတဲ့အတွက်ကြောင့် ဆုံးရှုံးမှုများနဲ့ ကြုံရပါတယ်။ အကယ်၍သာ အဆိုပါကျောက်ချောလမ်းကြီးအား ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသခံခရီးသည်များနှင့် ရပ်ဝေးမှ ခရီးသွားလာတဲ့သူများ စီးပွားရေး အဆင်ပြေ ချောမွေ့သွားမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ် ရထားလမ်း တောင်ပေါ်ဒေသ ရဲ့ လိုအပ်လျက်ရှိသော ရေပူ- ရထား ပြည်ညောင်လမ်းပိုင်းအား ဆက်လက်အကောင်အထည် ဖော်ပြီး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိကို သိလို၍ ဒေသခံကျေးလက်ပြည်သူများနှင့် ရပ်ဝေး ရပ်နီးမှ ရထားစီးခရီးသည်များရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်းနဲ့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေမောင် ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြား တင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နှင့် ဆက်စပ်ပြီး တည်ရှိပါတယ်။

ကြွေရုပ်- ပင်မုန်း- ပထမလွန်းထိုး နောက်တစ်ခါ လယ်ပြင်- ရေပူ- ရထားပြည်ညောင်လမ်းဟာ အရှည် (၁၄)မိုင်ရှိပါတယ်ခင်ဗျ။ အဲဒီကျေးရွာ(၆)ရွာမှာရှိတဲ့ ပြည်သူ(၄၄၃၇)ဦးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ ရောင်းဝယ်ဖောက်ကားရေးတို့မှာ အကျိုးပြုနေတာ ဖြစ်ပါတယ်။ အဲဒီလမ်းရဲ့ ကျွန်တော်တို့ (၆)မိုင်ကို ဒီနှစ် ကျွန်တော်တို့ ဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ အဆိုပါလမ်းအပိုင်းရဲ့ (၆)မိုင်ဖြစ်တဲ့ ကြွေရုပ်- ပင်မုန်း- ပထမလွန်းထိုး- လယ်ပြင်- ရေပူလမ်းပိုင်း ကျောက်ချောလမ်း(၆)မိုင် ဆောင်ရွက်ရန်အတွက် ခွင့်ပြုငွေကျပ်(၂၁၀)သန်းကို ခွင့်ပြုပြီးဖြစ်ပါတဲ့ အတွက်ကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါခေါ်ယူဆောင်ရွက်လျက် ရှိကြောင်း လည်း တင်ပြလိုပါတယ်။ ကျန်ရှိနေသေးတဲ့ ရေပူ-ရထားပြည်ညောင်လမ်းပိုင်း(၈)မိုင်ခန့်ကို ကျောက်ချော လမ်းခင်းမယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေအားဖြင့် ကျွန်တော်တို့ (၄၀၉.၇၆) သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်း၊ တိုင်းချုပ်အနေနဲ့ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ မန္တလေး ဒေသကြီး အတွင်းမှာ ခွင့်ပြု ရန်ပုံငွေကတော့ ဒီလမ်းတံတားနဲ့ ပတ်သက်လို့ရှိရင် (၁၆.၂၆၆) ဘီလီယံ ခန့်ရှိပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ သာစည်မြို့နယ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ(၁၅)သန်းနဲ့ ပင်မုန်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းကိုလည်း ကျွန်တော်တို့ ခွင့်ပြုထားတာ ရှိပါတယ်။ နောက်တစ်ခါ ကတ္တရာလမ်း ကျွန်တော်တို့ ခွင့်ပြုထားတာရှိပါတယ်။ အဲဒါကြောင့်မို့ ယခုမေးမြန်းလာတဲ့ သာစည်မြို့နယ် ရေပူ-ရထားပြည်ညောင်လမ်းပိုင်း ကျန်တဲ့(၈)မိုင်ကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်းနဲ့ လာမယ့်နှစ်မှာ ကျွန်တော်တို့ ရေပူ- ရထားပြည်ညောင်လမ်း မြေသားအဆင့်မြှင့်တင်ခြင်း (၈)မိုင်ကို ကျွန်တော်တို့ အသေးစိတ်တိုင်းတာပြီးတော့ ၂၀၁၅-၂၀၁၆ မှာ ဦးစားပေးအဆင့်အတိုင်း ရန်ပုံငွေတင်ပြ တောင်းခံသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မရှိ အတည်ပြုပြီး ပေးပို့လာသော ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူလက်ခံထားသဖြင့် လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၀)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၀၅)နာရီအချိန်တွင်ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးစိုင်းမြမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ ခွင့်ပြုတာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ -၂၃၈
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ ဇွန် လ ၁၈ ရက်

၁။ ပြည်သူ့လွှတ်တော်က လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း ဥပဒေကြမ်းကို (၁၈-၃-၂၀၁၄) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ (၁၂-၆-၂၀၁၄) ရက်နေ့၌ ကျင်းပ ပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခဲ့ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးမိုး က အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးချက်ကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှုပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးမိုး နှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ အောက်ပါအချက်များကို သဘောတူညီမှုရရှိခဲ့ပါသည်။

(က) တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်ကို တိုင်တန်းလိုသည့်အခါ ခိုင်မာမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၄ တွင် တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က လည်းကောင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို နိုင်ငံသားတစ်ဦးဦးက ဆိုသည့် စကားရပ်၏နောက်၌ ခိုင်လုံသောသက်သေအနည်းဆုံး (၁၀)ဦး၏ လက်မှတ်ရေးထိုး ထောက်ခံချက်ကို ပူးတွဲ၍ ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရန်လည်းကောင်း၊ ပုဒ်မ ၁၈ တွင် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်ရည်ရွယ်၍ မမှန်မကန်တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဆိုသည့် စကားရပ်၏နောက်၌ တိုင်တန်းသူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အပေါ်

တိုင်တန်းချက် များတွင် သက်သေအဖြစ် လက်မှတ်ရေးထိုး ထောက်ခံသူများအား ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

(ခ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည် ရုပ်သိမ်းရန် တင်ပြသည့်အခါ သက်မှတ်ချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ရန်အတွက်

ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်အပေါ်ဆိုသည့် စကားရပ်၏နောက်၌ ပုဒ်မ ၃ ပါ အကြောင်း တစ်ရပ်ရပ်နှင့်ပတ်သက်သည့် ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပါသည်။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားချက်များသည် အဓိပ္ပာယ်ပြည့်စုံမှုရှိပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းသာထားရှိရန် ညှိနှိုင်းသဘောတူညီမှုရရှိ ခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း ကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် ညှိနှိုင်း၍ ထပ်မံဖြည့်စွက်ခဲ့သည့် ပြင်ဆင်ချက်များ အပါအဝင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လွှတ်တော် ကိုယ်စားလှယ် တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက်-

လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ

ပြန်လည်ရုပ်သိမ်းခြင်း ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄

တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်း တို့ကလည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို နိုင်ငံသားတစ်ဦးဦးက ခိုင်လုံသောသက်သေ အနည်းဆုံး(၁၀)ဦး၏ လက်မှတ်ရေးထိုး ထောက်ခံချက်ကို ပူးတွဲ၍ လည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ တင်သွင်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၅(က)(ခ)

၅။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် အပေါ် တိုင်တန်းချက်ကို လက်ခံရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့လည်းကောင်း အသိပေး တင်ပြရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အသိပေးတင်ပြချက်ကို လက်ခံရရှိပါက ယင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို စီမံဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆(က)(ခ)

၆။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းချက်ကို လက်ခံရရှိသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (၃)ဦး နှင့် ပြင်ပမှ သင့်လျော်သော နိုင်ငံသား(၂)ဦး စုစုပေါင်း (၅)ဦးဖြင့် ဖွဲ့စည်း၍ စုံစမ်းစစ်ဆေး ရမည်။

(ခ ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းခဲ့သော အဖွဲ့ဝင်များအနက်မှ သင့်လျော်သော ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် တစ်ဦးကို စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး စုံစမ်းစစ်ဆေးရမည်။ လုပ်ငန်း ပမာဏကို ထောက်ရှု၍ ပြီးစီးရမည့် အချိန် ကာလကို သတ်မှတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇(ဃ)

စုံစမ်းစစ်ဆေးသည့်အခါ တိုင်တန်းချက်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ တိုင်တန်းချက် တင်သွင်းခြင်းခံရသော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်အား ကိုယ်တိုင်ဖြစ်စေ၊ ၎င်းက တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ချေပခွင့် ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၉(ဂ)

တိုင်တန်းချက် မှန်ကန်မှုမရှိခြင်း၊ ပုဒ်မ ၃ ပါ တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်သည့် အကြောင်း မရှိခြင်းဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းချက်နှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် ကော်မရှင်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့လည်းကောင်း ပေးပို့ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုဒ်မ ၁၄ အရ ကြေညာချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ သက်ဆိုင်ရာပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ လည်းကောင်း ပေးပို့ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၆

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာသည့်နေ့ရက်မှစ၍ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၇(က)(ခ)

၁၇။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အပေါ် ပုဒ်မ ၃ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ပတ်သက်သည့် ပုဒ်မ ၄ အရ တိုင်တန်းချက်ကို လက်ခံရရှိသည့်အခါ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ အကြောင်းကြားရမည်။

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ အကြောင်းကြားချက်ကိုရရှိသည့်အခါ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပြီး သက်ဆိုင်ရာတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှပြန်လည်

ရုပ်သိမ်းကြောင်း သို့မဟုတ် ပြန်လည် ရုပ်သိမ်းခြင်း မပြုကြောင်း ဆုံးဖြတ်မှု အခြေအနေကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထံသို့ လည်းကောင်း ပေးပို့ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၈

လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည် ရုပ်သိမ်းရန် ရည်ရွယ်၍ မမှန်မကန် တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းသူ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အပေါ် တိုင်တန်းချက် များတွင် သက်သေအဖြစ် လက်မှတ်ရေးထိုးထောက်ခံသူများအား တည်ဆဲဥပဒေများအရ အရေးယူ နိုင်ရန် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့်-

နိဒါန်း၊

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဃ)(င)(ဇ)(ဈ)(ည)(ဋ)(ဌ)

အခန်း(၂)၊ အပိုဒ် ၃(င)၊ အပိုဒ် ၅(ဂ)၊ အပိုဒ် ၇(က)(ခ)(ဂ)(င)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(ခ)(ဂ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(က)(ခ)၊

အခန်း(၃)၊ အပိုဒ် ၈(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၉ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် နှင့် ပြည်သူ့လွှတ်တော်က မူလဥပဒေကြမ်း၏ အခန်း(၂)၊ အခန်း(၃)၊ အခန်း(၄) အပိုဒ် ၁၂ ၊ ၁၆ ၊ အခန်း(၅)၊ အပိုဒ် ၁၈၊ ၁၉ တို့အား ပယ်ဖျက်ထားခြင်းကို ဥပဒေကြမ်းကော်မတီက အတည်ပြု ထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုထားရှိချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကော်မတီ

ကိုယ်စား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်ခြင်း၊ တင်ပြခြင်း အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၃၉
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ ဇွန် လ ၂၈ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အစီရင်ခံစာကို (၁၁-၆-၂၀၁၄)ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းနေ့တွင် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းနိုင်၊ ဗိုလ်မှူးအောင်နိုင်ဦး တို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှုပြုရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များတွင် အပိုဒ် ၆၊ အပိုဒ်ခွဲ(ခ)အပေါ် အကြံပြုဆွေးနွေးချက် မှတပါး အခြားသော ဆွေးနွေးချက်များသည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များနှင့် ထပ်တူညီကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤအချက်နှင့် စပ်လျဉ်း၍ -

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ရွေးချယ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ နှင့် ဆန့်ကျင်မှုမရှိခြင်း၊ အများသဘောတူညီမှုကို ညှိနှိုင်းရယူသည့် နည်းလမ်းဖြင့် ရွေးချယ်မှုဖြစ်ခြင်းတို့ကြောင့် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ပြီး ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် မူလပြင်ဆင်ချက်အတိုင်းသာ ဆက်လက် ထားရှိသင့်ကြောင်းကို အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင် ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ ဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဥ် ပြင်ဆင်ချက်-

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄)

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဥ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဥ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁

၁။ ဤဥပဒေကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄) ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃

၁၇-က(၃)။ ခုံရုံးသည် ပုဒ်မခွဲ(၁)အရ တင်သွင်းလာသော ကိစ္စရပ်ကို စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မှတ်တမ်းများ၊ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာ လွှတ်တော်များတွင် ဆွေးနွေးခဲ့သော ဆွေးနွေးချက်များ ပါဝင်သည့် လွှတ်တော်မှတ်တမ်းများကို ပြည်ထောင်စုလွှတ်တော် နာယက၊ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများမှတစ်ဆင့် တောင်းခံ ကြည့်ရှုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃။ ၁၇-က(၃) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃။ ၁၇-က(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ကို အောက်ပါ အတိုင်း အစားထိုးရမည်-

(က) ပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များအနက် မည်သည့်အချက်ကို တင်သွင်းကြောင်း ခွဲခြားစစ်ဆေးရမည်။ စပ်ဆိုင်သောအချက်အလက်များနှင့် ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများ ရှင်းလင်းပြည့်စုံစွာ ပူးတွဲပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးရမည်။ ယင်းသို့စစ်ဆေးရာတွင် ပြည့်စုံမှုမရှိကြောင်းတွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်

အတွင်း တင်ပြစေရမည်။ ရှင်းလင်းပြည့်စုံစွာ တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အပိုဒ် ၂ ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

မူလဥပဒေကြမ်းကို အမှတ်စဉ် ပြောင်းလဲထားသည့်

အပိုဒ် ၂၊

အပိုဒ် ၃၊ ၁၇-က(၁)(၂)

၁၇-ခ(၁)(၂)

အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈ မှ အပိုဒ် ၁၆ အထိ တို့ကို မူလ အဆိုပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ကို ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးမြသိန်း (ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား၊ မင်္ဂလာပါလို့ ကြိုတင်နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အဆိုအဖြစ်နဲ့လက်ခံဖို့ ကျွန်တော် ယခင်က ဒီလွှတ်တော်ကြီးကို တင်သွင်းခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာ အဆိုပါ ဥပဒေကြမ်း ကို လွှတ်တော်က ဆွေးနွေးပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဥပဒေကြမ်းကို လွှတ်တော်ရဲ့ ဆွေးနွေးဆုံးဖြတ် ချက်နဲ့အညီ အတည်ပြုပေးဖို့ ကျွန်တော်အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေအား ပြင်ဆင်တဲ့ ဥပဒေ ကြမ်းကို လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အညီ အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)။** ။နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌက တင်သွင်းတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ကနေပြီး ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။
သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၁း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]